# လွယ်လွယ်စိုက်ခင်း စိုက်ပျိုးရေး၊ ပိုးမွှားနှင့်ရောဂါနှိမ်နင်းခြင်း

## လမ်းညွှန်ချက် (၁)



## ဟင်းသီးဟင်းရွက်များကို တစ်နှစ်လုံးအတွက် လွယ်လွယ်စိုက်ခင်းတွင် ဘယ်လို စိုက်ပျိုးကြမည်နည်း။

ကန့်သတ် (စီမန်ကိန်း ဧရိယာအတွင်းသာ)

# လွယ်လွယ်စိုက်ခင်းဆိုတာဘာလဲ?

လွယ်လွယ်စိုက်ခင်းအတွက် ထားစရာနေရာငယ်တစ်ခုရှိရုံဖြင့် မြေပိုင်ဆိုင်စရာမလိုဘဲ ဟင်းသီးဟင်းရွက်မျိုးစုံကိုလွယ်လွယ်စိုက်ခင်းပေါ်တွင် စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ လွယ်လွယ်စိုက်ခင်းတွင် ပုံတွင်ဖေါ်ပြထားသောဘိလပ်မြေကျုံထားသည့် ခြင်းတောင်း၏အလယ်တွင် မြေသြဇာဖြစ်စေရန် အသုံးပြုသည့် အပေါက်များဖောက်ထားသော ပိုက်နှစ်ချောင်းပါရှိမည်။

## လွယ်လွယ်စိုက်ခင်းက ဘယ်လိုလုပ်ဆောင်ပေးပါသလဲ?



ပိုက်မှမြေဆွေးများကို ထုတ်လုပ်ပေးပြီး ဟင်းသီးဟင်းရွက်များကို အိမ်တွင် စိုက်ပျိုးနိုင့်မည်။

## မည်ကဲ့သို့သော ဟင်းသီးဟင်းရွက်များကို သင်စိုက်ပျိုးနိုင်ပါ သနည်း ?



ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် အပင်ငယ်များကိုစိုက်ပျိုးနိုင်ပါသည်၊ သို့သော် သက်တမ်းတိုသော အပင်းများကို စိုက်ပျိုးခြင်းကအကောင်းဆုံးဖြစ်ပါတယ်။

# မည်ကဲ့သို့သောမြေမျိုးကို လွယ်လွယ်စိုက်ခင်းအတွက်အသုံးပြုမည်နည်း

မြေညံ့များကို လွယ်လွယ်စိုက်ခင်းအတွင်းရှိပြွန်မှ မြေဆွေးများဖြင့် သီတင်းပတ်အနည်ငယ်အတွင်း အရည်အသွေးမြင့်မားသောမြေအဖြစ်သို့ပြောင်းလဲပေးနိုင်သည်။ သို့သော်လည်း အစပိုင်းတွင် မြေဆွေး(သို့) တိရိစ္ဆာန်၏စွန့်ထုတ်ပစ္စည်းများကိုထည့်ခြင်းကပို၍ကောင်းမွန်ပါသည်။ အကောင်းဆုံးရောစပ်ရန်မှာ သာမန်မြေ ၇၀% နှင့် မြေဆွေး ၃၀% ပင်ဖြစ်သည်။



မြေဆွေးထည့်ပါ



နောက်ချေးထည့်ပါ



ရိုးရိုးမြေထည့်ပါ





အချို့သောဖျက်ပိုးမျာ မရှိစေရန် တမာရွက် ၂-ကီလိုဂရမ်း (သို့) ၁.၂ ပိဿာကို မြေကြီးထဲသို့ထည့်ပါ။ တမာရွက်သည် ဖျက်ပိုးများစွာတို့၏ ဘဂသံသရာကိုဖျက်ဆီးနိုင်သည်။

မြေဆွေးအတွင်း မည်သည့်ပလပ်စတစ်ကိုမျှမထည့်ရပါ ပလပ်စတစ်အတွင်းပါဝင်သောဓါတ်တို့သည် ပြို့ကွဲပြီး အပင်များအတွင်းသို့ရောက်ရှိသွားမည်။ ထို့နောက် စားသုံးသောအခါ ထို ဟင်းသီး ဟင်းရွက်များ မှ သင့်မိသားစုကို အဆိပ်သင့်စေသော ကြောင့်ဖြစ်သည်။

**သတိထားရန်လိုပါသည်!**

## မြေဆွေးပိုက်မည်ကဲ့သို့ လုပ်ဆောင်ပါသနည်း။



လွယ်လွယ်စိုက်ခင်း၏ အနားနှစ်ဖက်၏အလယ်တည့်တည့်တွင်ရှိသော ပိုက်ရှည်ကိုခြင်းတောင်း၏ အောက်ခြေသို့ ဒေါင်လိုက်စိုက် ထားခြင်းမှာ မြေဆွေးပြုလုပ်သောနည်းစနစ်ပင်ဖြစ်ပါသည်။ ဟင်းခွက်တစ်ဂက်ခန့်ရှိသော တီကောင်များကို ပထမစိုက်ပျိုးစတွင် ပိုက်ထဲသို့ထည့်ပါ။ ပြီးနောက် မီးဖိုချောင်မှကြွင်းကျန်သော ဟင်းသီးဟင်းရွက်များကို ဒေါင်လိုက်ရှိနေသောမြေဆွေးပိုက်အတွင်းသို့ပြည့်နေသည့်အထိ ပုံမှန်ဖြည့်ပေးပါ။

ကျန်းမာသန်စွမ်းပြီး ကြီးထွားသော ဟင်းသီးဟင်းရွက်များရရှိရန် အတွက် အပင်းများစိုက်ပျိုးရန် မီးဖိုချောင်မှစားကြွင်းများကို တီကောင်များမှ မြေသြဇာအလွန်ကောင်းသောမြေများအဖြစ်သို့ ပြောင်းလဲပေးမည်ဖြစ်သည်။ တီကောင်များကို နေ့တိုင်းအစာကျွေးပါ! တီကောင်များသည် အားလုံးသော စားကြွင်းစားကျန်များကိုစားသုံးပါသည်။ ဥပမာ။ အခွံများ၊ သစ်သီးများနှင့် သစ်ရွက်များ စသည်တို့ဖြစ်သည်။





မီးဖိုချောင်စားကြွင်းမရှိပါက သစ်ရွက်စိမ်းများကိုလည်းထည့်ပေးနိုင်ပါသည်။

**သင်၏မီးဖိုချောင်မှ စားကြွင်းများသည် အလွန်အရည်အသွေးကောင်းသော မြေများဖြစ်လာပါလိမ့်မည်။**







သဘာဝဟင်းသီးဟင်းရွက်များကိုသာ ပိုက်တွင်းသို့ထည့်ရမည်ဖြစ်ပြီး ပလပ်စတစ် (သို့မဟုတ်) အဆိပ်အတောက်ဖြစ်စေသောအရာများကိုမထည့်ရ။ အသား၊ ငါးများကိုလည်းမထည့်ရ ကြွက်များက ဖျက်ဆီးတတ်သည်။







## တီကောင်များသည် မြေကြီးနှင့် သီးရှက်စုံစိုက်ခင်းအတွင်းတွင် မည်သည့်အရာများကို တိကျစွာ လုပ်ဆောင်ပေးနေကြပါသနည်း။

တီကောင်များသည် ဆိတ်ငြိမ်နေသော ဖန်တီးသူများဖြစ်သည် သူတို့ကသင့်ကို ကူညီပေးပါလိမ့်မည်။ အပြန်အလှန်အနေဖြင့် အသီးအရွက်များကို ပိုက်အတွင်းသို့ဖြည့်ပြီး အစာကျွေးမွေးရန်သာလိုအပ်သည်။

## သင့်အတွက် သူတို့ဘာလုပ်ပေးမည်နည်း?





- မြေအသစ်ဖြစ်စေခြင်းနှင့် မြေဩဇာကောင်းမွန်စေခြင်း၊
- သူတို့၏ချေးများက သင်၏အပင်များကို အဟာရဖြစ်စေခြင်း၊
- မြေကြီးအတွင်းဖျက်ပိုးများကိုထိန်းချုပ်ခြင်းဖြင့် သင်၏အပင်များကို ကာကွယ်ပေးခြင်း၊
- တီကောင်များရှိသောမြေသည် ရေကိုကောင်းစွာထိမ်းသိမ်းသိုလှောင်ထားနိုင်ခြင်း။
- တီကောင်များဖောက်ထားသော အပေါက်များသည် မြေကြီးကိုလေဝင်လေထွက်ဖြစ်စေပြီး သင်၏အပင်ကို အမှန်တကယ်ကောင်းမွန်စေခြင်း။



*တီကောင်များမရှိ၍ ညံ့သောမြေ*



*အသီးအရွက်များကို တီကောင်များအတွက်အစာကျွေးပါ*



*တီကောင်များရှိ၍ ကောင်းမွန်သောမြေ*

## တီကောင်တွင်ရှိသော စွမ်းအားများ

တီတစ်ကောင်တစ်ကောင်သည် တစ်နှစ်တွင် ၂၂ ကီလိုဂရမ်း (သို့) ၁၃၄ ပိဿာရှိသောမြေကို ကောင်းမွန်သောအရည် အသွေးရှိသည့် မြေအဖြစ်သို့ပြောင်းလဲပေးနိုင်သည်။
တီကောင်များကို သင်အစာကျွေးပါက သင်၏သီးနှံများကိုသူတို့က ကောင်းမွန်အောင်ပြုလုပ်ပေးပါလိမ့်မည်။

**တီကောင်များသည် ဓါတ်မြေဩဇာကို မနှစ်သက်ပါ အကယ်၍သင်ဓါတ်မြေဩဇာသုံးပါက တီကောင်များ သေသွားပြီး သီးနှံအထွက်နှုန်းလျှော့ကျသွားလိမ်မည်။**

သစ်ရွက်၊ သစ်ဆွေး၊ ပစ္စည်းများ၊ တိရိစ္ဆာန်အညစ်အကြေးများစသည်တို့ကို မြေကြီးပေါ်တွင်အစိုဓါတ်ထိမ်းသောအရာများအဖြစ် အရေပြားကဲ့သို့ဖုံးအုပ်ပါ။ ထပ်၍ထပ်၍ဖုံးအုပ်ထားသော အစိုဓါတ်အကားအကွယ်များသည် ပြိုကွဲပြီးမြေဆွေးများဖြစ်သွားကြလိမ့်မည်။ အစိုဓါတ်ကာများသည် အပင်အတွက်အာဟာရနှင့်မြေဆွေးများကို မြေကြီးအတွင်းသို့ဖြည့်ပေးပါသည်။

## အစိုဓါတ်ထိန်းသိမ်းကာကွယ်ခြင်း၏ အားသာချက်

- ပေါင်းပင်များပေါက်ရောက်မှုကို လျော့နည်းစေခြင်း၊
- ထွက်နှုန်းပိုကောင်းစေခြင်း၊
- မြေကြီးအတွင်းအစိုဓါတ်ကိုပိုမိုထိမ်းထားနိုင်ခြင်း၊
- အစိုဓါတ်ကာများသည် ဆွေးမြေသွားကြပြီး မြေကြီးဖွဲ့စည်းပုံနှင့် လေဝင်လေထွက်ကောင်းမွန်ခြင်း၊
- မြေကြီး၏အပူချိန်ကို အလယ်အလတ်သို့ထိမ်းညှိခြင်း (ပူးသောရာသီတွင်အေးစေပြီး၊ အေးသောရာသီတွင်နွေးစေခြင်း)

## မည်သည့်အရာများသည်အစိုဓါတ်ထိမ်းပါသနည်း?

ကောက်ရိုး၊ စပါးခွံ၊ မြက်ဖတ်၊ သစ်ရွက်၊ မြေပဲခွံ၊ သစ်စ စသည့်များကိုသုံးနိုင်ပါသည်။






အစိုထိန်းအလွှာများပြုလုပ်ထားခြင်းဖြင့် သီးရွက်စုံစိုက်ခင်းသည် ရေများစွာလောင်းရန်မလိုအပ်ပေ။ အပင်များကိုရေလောင်းသောအခါ အစိုဓါတ်ထိန်းသောအလွှာ များက ရေငွေ့မပျံအောင်ကာကွယ်ပေးထားလိမ့်မည်။


ဤအရာသည် လွယ်လွယ်စိုက်ခင်းအတွက်သာမက အခြားစိုက်ခင်းများအတွက်ပါ မှန်ကန်ပါသည်။

သဘာဂမြေဆွေးမြေဩဇာများကိုသာသုံးသင့်ပါသည်။ ပလပ်စတစ်ပုလင်း၊ ပလပ်စတစ်အိတ်၊ သံဘူး၊ ဓါတ်ခဲ၊ ပုလင်း၊ ပလပ်စတစ်ထုပ် (သို့) ပလပ်စတစ် အမှိုက်များကိုလုံးဂမသုံးရပါ။ ထိုအရာများပြိုကွဲပျက်စီးပြီး ဟင်းသီးဟင်းရွက်များမှာတဆင့် သင်နှင့်သင်ကလေးများကို အဆိပ်အတောက်ဖြစ်စေနိုင်ပါသည်။

လွယ်လွယ်စိုက်ခင်းသည်ရေးများများမလိုအပ်ပေ မြေပြင်ပေါ်တွင်စိုက်ပျိုးသောစိုက်ခင်းထက် ရေ ၉၀% လျော့နည်း၍လိုအပ်သည်။ တစ်ရက်တွက် ရေ ၂-လီတာသည် လုံလောက်သည်။



လွယ်လွယ်စိုက်ခင်း၏ ထိပ်ရှိမြေကြီးသို့ ရေလောင်းချပါ



ရေများအောက်သို့စီးဆင်းလားပြီ အပင်၏ အမြစ်များကို အဟာရဖြည့်တင်းပေးသည်။

## ပလပ်စတစ်ပုလင်းတစ်လုံးဖြင့် ရေလောင်းသောပစ္စည်းကို မိမိကိုယ် တိုင်ပြုလုပ်ပါ





ရေလောင်းသောပစ္စည်ကို ပလပ်စတစ်ပုလင်း၏ အဖုံးတွင်အပေါက်ငယ်များကိုကိုယ်တိုင်ဖောက်ပြီး သီရှက်စုံစိုက်ခင်းကိုရေလောင်ပါ။


**ရေလောင်းရန်အကောင်းဆုံးသောအချိန်သည် နံနက်စောစောနင့် ညနေနောင်းပိုင်းတွင်ဖြစ်သည်။
နေ့လည်ခင်းတွင်ရေသည် နေရောင်ခြည်ကြောင့် အငွေ့ပျံသွားနိုင်သည်။
တန်ဘိုးရှိသောသင်၏ရေများကို အလဟာသမဆုံးရှုံးပါစေနင့်!**

# ဓါတုပစ္စည်းများကို လွယ်လွယ်စိုက်ခင်းတွင်အသုံးမပြုခြင်းမှာ

ဓါတ်မြေသြဇာသည် အပင်များကိုသာအစာအဟာရဖြည့်ပေးပြီး မြေကြီးကိုအဟာရဖြည့်မပေးပါ၊ ထို့ကြောင့်ဓါတ်မြေသြဇာသုံးခြင်းသည် မြေကြီးကိုဖျက်ဆီးနေသည်နှင့်တူပြီး မြေကြီးသည်အမှိုက်များပြည့်၍ညှံ့ဖျင်းလာမည်။ နောက်ပိုင်းတွင် ဓါတ်မြေသြဇာပို၍သုံးသော်လည်း ထိုနေရာ၌ ဟင်းသီးဟင်းရွက်ထုတ်လုပ်ရန် ခက်ခဲလာမည်ဖြစ်သည်။

## သဘာဂမြေသြဇာကို အဘယ်ကြောင့်အသုံးပြုမည်နည်း?


- အပင်များသည် ရေနည်းပါမှု၊ ရောဂါနှင့်ပိုးမွှားဒါဏ်ကိုခံနိုင်ခြင်း၊
- ရေဖမ်းယူနိုင်မှုနှင့် ထိမ်းသိမ်းနိုင်မှုကောင်းမွန်ခြင်း၊
- အပင်ကောင်းစွာရှင်သန်နိုင်ခြင်း၊
- မြေဆီလွှာတိုက်စားမှုနည်းပါခြင်း။




ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ ဓါတုဗေဒပစ္စည်းများသည်လည်း ကြာရှည်တွင်မြေကြီးကို ပျက်စီးစေလိမ့်မည်။ မြေဆွေးပစ္စည်းများကိုသာသုံးခြင်းဖြင့် ထာဂရထိန်းသိမ်းနိုင်လိမ့်မည်။

# နိုက်ထရိုဂျင်ကို သင့်၏လွှယ်လွှယ်စိုက်ခင်းတွင်ထည့်ပါ

နိုက်ထရိုဂျင်သည် အပင်စိုက်ပျိုးရန်အတွက်အရေးကြီးသော ဒြပ်တစ်ခုဖြစ်ပါသည်။ နိုက်ထရိုဂျင်သည် အပင်များကိုရှင်သန်ကြီးထွားစေသည်၊ နိုက်ထရိုဂျင်သည် ဓါတ်မြေသြဇာ၊ မြေဆွေးနှင့် လေတို့တွင်ရှိပါသည်။ ၁-ဟတ်တာရှိသော မြေထု၏အပေါ်တွင်ရှိသောလေထုထဲတွင် နိုင်ထရိုဂျင် ၄၄၀၀-ကီလိုဂရမ်း သို့ ၂၆၆၇-ပိဿာခန့်ရှိပါသည်။ ပဲပင်ကဲ့သို့သော အပင်များသည်လေထုထဲမှ နိုက်ထရိုဂျင်ကိုဖမ်းယူပြီး ပြောင်းဖူးကဲ့သို့ အပင်များကိုပေးနိုင်ပါသည်။







ပဲမြစ်သည် နိုက်ထရိုဂျင်ကိုဖမ်းယူပြီး အခြားအပင်များကိုဖြန့်ဝေပေးသည် (ပုံတွင်ပါသောပဲမြစ်မှ အဖုငယ်များသည် ထိုအလုပ်ကိုလုပ်ကြသည်)။ ထို့ကြောင့်နိုက်ထရိုဂျင်ကို သီးသန့်ထည့်စရာမလိုဘဲ ပဲပင်များကဖြည့် ပေးသွားမည်ဖြစ်ပါသည်။

လွှယ်လွှယ်စိုက်ခင်းသို့မဟုတ် ဟင်သီးဟင်းရွက်ပင်များကို မြေသြဇာဖြည့်ရန်အတွက် နိုက်ထရိုဂျင်ဖမ်းယူရန် ပဲပင်အချို့ကိုစိုက်ပျိုးပေးရမည်ဖြစ်သည်။

**နိုက်ထရိုဂျင်ကို အခမဲ့ရရှိမည်ဖြစ်သည်။**

## အောက်ဖော်ပြပါ အကြံပေးချက်အားအလေးထားပါ



## ဟင်သီးဟင်းရွက်ထွက်နှုန်းအား လွယ်လွယ်စိုက်ခင်းဖြင့်မည်သို့မြှင်တင် မည်နည်း။

လွယ်လွယ်စိုက်ခင်းသည် သာမန်စိုက်ခင်းမျိုးမဟုတ်ပါ အဘယ်ကြောင့်ဆိုသော် လွယ်လွယ်စိုက်ခင်းသည် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် အကောင်းဆုံးသော သဘာဝပတ် ဝန်းကျင်ဖြစ်ပါသည်။ မြေဆွေးပိုက်သည် အပင်များအတွက်ကောင်းမွန်သောအရာများကို ထောက်ပံ့ပေးမည်ဖြစ်သည် တခါတရံ အလွန်ပင်ကောင်းမွန်စေမည်ဖြစ်သည်။

လွယ်လွယ်စိုက်ခင်းကို သင်အမြဲမပြတ်ကြည့်ရှု စောင့်ရှောက်နေရမည်ဖြစ်သည် ပန်းမပွင့်ပါက ဟင်းသီး ဟင်းရွက်များရရှိနိုင်မည်မဟုတ်ပါ။ ပန်းပွင့်များများပွင့်ပြီး အထွက်နှုန်းကောင်းစေရန်အတွက် အထူးဂရုပြုပြီး အာရုဏ်စိုက်ပေးရမည်ဖြစ်သည်။
လုံလောက်သော အပင် (သို့) အကိုင်းအခက်များ ဖွံဖြိုးလာပြီဆိုပါက ရေတစ်ပတ်ခန့်ဖြတ်ထားရမည်ဖြစ်ပါသည်။ အပင်များသည်သူတို့ သေတော့မည်ဟုယူဆသဖြင့် အပွင့်များပွင့်လာမည်ဖြစ်သည်။ အပွင်များလုံလောက်စွာပွင့်လာသောအခါ ရေကိုပုံမှန်အတိုင်းပြန်လောင်းရန်ဖြစ်သည်။

အကယ်၍အထက်ပါအကြံပေးချက်ကိုလိုက်နာပါက

အကိုင်အခက်များစွာဖြင့်ကြီးထွားမည်ဖြစ်ပြီး မလိုက်နာပါက ထွက်နှုန်း

ကောင်းမည်မဟုတ်ပါ။

အထက်ပါအကြံပေးချက်များကို လိုက်နာပါက ၁၀-ပတ် သို့ ၁၂-ပတ်အတွင်း ဟင်းသီးဟင်း ရွက်များကိုရရှိနိုင်မည်ဖြစ်သည်။





## လွယ်လွယ်စိုက်ခင်း ၁-ခုကိုလက်ခံယူပြီး သင့်ကိုယ်ပိုင်နည်းပညာဖြင့် ဖွံ့ဖြိုးတိုး တက်အောင်ပြုလုပ်လိုက်ပါ!









## လွယ်လွယ်စိုက်ခင်းစိုက်ပျိုးရန်အချိန်ဖြစ်သဖြင့်စတင် စိုက်ပျိုးကြစို့ !

